# အာဟာရ မြေပဲယို
# (Plumpy Nut)

***Plumpy Nut*** သည် သိပ္ပံနည်းကျ တီထွင် ထုတ်လုပ်ထားသော အာဟာရ ကြွယ်ဝသည့် မြေပဲယို (Paste of groundnut) တစ်မျိုး ဖြစ်ပါသည်။

**ထည့်သွင်း ထုတ်လုပ်ထားသည့် ပစ္စည်းများ**

***Plumpy Nut*** ကို အပင်ထွက်ဆီ (vegetable fat)၊ မြေပဲ (peanut butter)၊ အဆီလွတ် နို့မှုန့် (skimmed milk powder)၊ lactorum serum၊ maltodextran ၊ သတ္တုအာဟာရဓာတ်များ (minerals) ၊ ဗီတာမင် အမျိုးမျိုး (vitamin complex) တို့နှင့် ထုတ်လုပ်ထားပါသည်။

**အာဟာရ တန်ဖိုး**

***Plumpy Nut*** ၁၀၀–ဂရမ် (ခြောက်ကျပ်တစ်မတ်သားခန့်) မှ အင်အားဓာတ် ၅၄၅ ကီလိုကယ်လိုရီ၊ ပရိုတင်း ၁၃ . ၆ ဂရမ်၊ အဆီဓာတ် ၃၅ . ၇ ဂရမ်၊ ဗီတာမင်အမျိုးမျိုးနှင့်၊ သတ္တုအာဟာရဓာတ် အမျိုးမျိုး ရရှိနိုင်ပါသည်။

**ထုပ်ပိုးမှု**

***Plumpy Nut*** ကို စိုထိုင်းမှုနှင့် ခရမ်းလွန်ရောင်ခြည်တို့၏ ဒဏ်မှ ခံနိုင်စေရန် အလူမီနီယမ်လွှာနှင့် လေလုံအောင် ထုပ်ပိုးထားပါသည်။ အထုပ်ပေါ်တွင် အစားအစာအမည်၊ ထုပ်လုပ်သူ အမည်နှင့် လိပ်စာ၊ ထုပ်လုပ်မှု အမှတ်စဉ် (batch number)၊ ထုပ်လုပ်သည့် ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့် ရက်စွဲနှင့် အသုံးပြုပုံတို့ကို ဖော်ပြထားပါသည်။

**အသုံးပြုပုံ**

ရေဆာလျှင်ဆာကြောင်းပြောတတ်သူ သို့မဟုတ် သင်္ကေတပြတတ်သူ ကလေးများကိုသာ ***Plumpy Nut*** ကျွေးသင့်ပါသည်။ သန့်ရှင်းသည့်သောက်ရေ ရရှိအောင်လည်း စီစဉ်ပေးရပါမည်။

***Plumpy Nut*** ကို နွားနို့နှင့် ဓာတ်မတည့်သူ (allergic ဖြစ်သူ) များ၊ မြေပဲနှင့် ဓာတ်မတည့်သူများ၊ ပရိုတင်း အမျိုးမျိုးနှင့် ဓာတ်မတည့်သူများအား မကျွေးသင့်ပါ။ နာတာရှည် ပန်းနာရင်ကျပ် ရောဂါရှိသူများတွင်လည်း ***Plumpy Nut*** နှင့် ဓာတ်မတည့်ခြင်း ဖြစ်တတ်ပါသည်။

***Plumpy Nut*** ကို ထုတ်လုပ်သည့်နေ့မှ လ (၂၀) အတွင်း ကျွေးလျှင် အကောင်းဆုံးဖြစ်ပါသည်။

**အသုံးပြုသင့်သည့် အခြေအနေ**

**၁။ ရုတ်တရက် အပြင်းအထန် အာဟာရချို့တဲ့မှုကို ကုသခြင်း။ (Therapeutic feeding for acute severe malnutrition)**။ အပြင်းအထန် အာဟာရချို့တဲ့နေသူများအား ပထမအဆင့်အနေနှင့် ကနဦး အထူးကုသမှု ပေးပြီးနောက် ဒုတိယအဆင့် အာဟာရပြည့် အစားအစာများ ကျွေးမွေးကုသရာတွင် ***Plumpy Nut*** ကို အသုံးပြုနိုင်ပါသည်။ ကလေး ၏ ကိုယ်အလေးချိန် တစ်ကီလိုဂရမ်အတွက် တစ်နေ့လျှင် အင်အားဓာတ် အများဆုံး ၂၀၀ ကီလိုကယ်လိုရီ ရရှိနိုင်အောင် တွက်ချက်၍ ကျွေးမွေးသင့်ပါသည်။ ပထမအဆင့် ကနဦး အထူးကုသမှုပေးနေစဉ် နို့ (အရည်) ကို အဓိကထား၍ ပြုပြင်ထားသော အစာများ(milk-based diet) ကျွေးပါသည်။

၂။ အသက် ၆ လ ပြည့်ပြီးသော ကလေးများနှင့် လူကြီးများအား ပြင်းထန်သည့် အာဟာရ ချို့တဲ့မှု မဖြစ်စေရန် ဖြည့်စွက်စာ (Nutritional supplement) အနေနှင့် ***Plumpy Nut*** ကို အသုံးပြုနိုင်ပါသည်။

**သိမ်းဆည်းပုံ**

***Plumpy Nut*** ကို အေး၍ ခြောက်သွေ့သောနေရာတွင် သိမ်းဆည်းထားသင့်ပါသည်။